အလျှုမဏ္ဍပ်၌ တရားဟောမှု စသော အနုမောဒနာ ပြုမှုသည် အကြီးဆုံးပုဂ္ဂိုလ်၏ တာဝန်ဖြစ်၏၊ ထို့ကြောင့်=

(၁) အကြီးဆုံးပုဂ္ဂိုလ်သည် ကိုယ်တိုင်စွမ်းနိုင်လျှင် ကိုယ်တိုင် အနုမောဒနာ ပြုရသည်။

(၂) ကိုယ်တိုင်မစွမ်းနိုင်လျှင် စွမ်းနိုင်သူ တပါးပါးကို (ကိုရင်ကလေးဖြစ်စေ) အနုမောဒနာပြုပါဟု တိုက်တွန်းရသည်။

(၃) အကြီးဆုံးက မတိုက်တွန်းဘဲ မည်သူမျှ အနုမောဒနာ မပြုရ။

(၄) အကြီးဆုံးပုဂ္ဂိုလ်သည် ဝတ်တရားကို နားမလည်၍ မိမိကိုယ်တိုင်လည်း မဟော၊ သူတပါးကိုလည်း မတိုက်တွန်းလျှင် စွမ်းနိုင်သောပုဂ္ဂိုလ်က အကြီးဆုံးထံ ခွင့်ပန်၍ တရားဟောနိုင်ပါသည်။

(၅) ဒါယကာက သူကြည်ညိုသော ပုဂ္ဂိုလ်အား တရားဟောဘို့ရန် လျှောက်ထားလျှင်လည်း အကြီးဆုံး မထေရ်ကြီးအား ခွင့်ပန်ဘွယ် မလိုတော့ပါ။

---

## (င) ဘတ္တဂ္ဂဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ.... ဆွမ်းစားရာ ဌာနဖြစ်သော ကျောင်းကို ဖြစ်စေ စရပ်ကိုဖြစ်စေ အိမ်ကိုဖြစ်စေ "ဘတ္တဂ္ဂ" ဟု ခေါ်၏။ [ဘတ္တ=ဆွမ်း+ဂ=ယူရာဌာန။] ဘုရားလက်ထက်တော်၌ ရွာတွင်းမှာလည်း ဆွမ်းစားစရပ်ရှိသည်၊ ထို့ကြောင့်—